## Nineteenth Sunday in Ordinary Time (August 10, 2014)

**1st READING:** ***1Kings 19:9a, 11-13a***

ဓမ္မရာဇဝင် တတိယစောင်။ ၁၉း ၉၊ ၁၁–၃၃

ဘုရားသခင်နှင့်ဆိုင်သောဟောရပ်တောင်သို့ရောက်သဖြင့်၊ ဥမင်ထဲသို့ဝင်၍နေ၏။ နှုတ်ကပတ်တော်ကလည်းထွက်လေ၏။ ထာဝရဘုရားရှေ့တောင်ပေါ်မှာရပ်နေလော့။ထာဝရဘုရားရှောက်သွားမည်ဟုမိန့်တော်မူ၏။ ထိုအခါအာကြီးသောလေပြင်းသည်တောင်ထိပ်တို့ကိုခွဲ၍၊ထာဝရဘုရားရှေ့တော်၌ကျောက်တို့ကိုချိုးဖဲ့၏။ သို့ရာတွင်ထာဝရဘုရားသည်လေ၌ရှိတော်မမူ။ လေနောက်မှာမြေလှုပ်ခြင်းရှိ၏။ သို့ရာတွင်ထာဝရဘုရားသည်မြေလှုပ်ခြင်း၌လည်းရှိတော်မမူ။ မြေလှုပ်ခြင်းနောက်မှာမီးရှို့၏။ သို့ရာတွင်ထာဝရဘုရားသည် မီး၌လည်းရှိတော်မမူ၊ မီးနောက်မှာဖြည်းညှင်းသောအသံရှိ၏။ထိုအသံကိုဧလိယသည်ကြားလျှင်၊ မျက်နှာကိုဝတ်လုံနှင့် ဖုံးအုပ်လျက်ထွက်၍ဥမင်ဝ၌ရပ်နေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  85: 9, 10, 11-12, 13-14

ဆာလံကျမ်း   ၈၅

**သံပြိုင်။  ။အိုဘုရားသခင်တပည့်တော်တို့၏ကယ်တင်ရှင်၊တပည့်တော်တို့ကိုပြန်လည်ထူထောင်တော်မူပါ။**

R. **Lord, let us see your kindness, and grant us your salvation.**

**၁။ အိုထာဝရဘုရားမိန့်တော်မူရာကိုငါနားထောင်မည်။အကြောင်းမူကားကိုယ်တော်သည်မိမိ၏သန့်ရှင်းသူများတည်းဟူသောမိမိလူမျိုးအားငြိမ်းချမ်းရေးကိုကတိထားတော်မူပြီ။  သို့သော်ကိုယ်တော်သည်သူတို့အားမိုက်မဲခြင်းသို့ပြန်သွားစေလိမ့်မည်မဟုတ်ပေ။  ဘုန်းဂုဏ်တော်သည်ငါတို့ပြည်တွင်တည်နေရန်ကိုယ်တော်၏ကယ်တင်တော်မူခြင်းသည်ကိုယ်တော်ကိုကြောက်ရွံ့သောသူတို့အနီးတွင်အမှန်စင်စစ်တည်ရှိတော်မူ၏။ သံပြိုင်။**

I will hear what God proclaims; the LORD — for he proclaims peace. Near indeed is his salvation to those who fear him, glory dwelling in our land.

**၂။  ချစ်ခြင်းမေတ္တာနှင့်သစ္စာစောင့်သိခြင်းတို့သည်တွေ့ဆုံကြလိမ့်မည်။  ဖြောင့်မတ်ခြင်းတရားနှင့်ငြိမ်းချမ်းရေးတို့သည်တစ်ဦးနှင့်တစ်ဦးနမ်းရှုပ်ကြလိမ့်မည်။သစ္စာစောင့်သိခြင်းသည်မြေကြီးမှထွက်ပေါ်လာလိမ့်မည်။ဖြောင့်မတ်ခြင်းတရားသည်ကောင်း ကင်မှငုံ့ကြည့်ပေလိမ့်မည်။သံပြိုင်။**

Kindness and truth shall meet; justice and peace shall kiss. Truth shall spring out of the earth, and justice shall look down from heaven.

**၃။ ထာဝရဘုရားသည်ကောင်းမြတ်ရာကိုပေးသနား တော်မူ၍ငါတို့ပြည်သည် ကောက်ပဲသီးနှံ တို့ကိုဖြစ်ထွန်းစေမည်။ဖြောင့်မတ်ခြင်းသည်ကိုယ်တော်၏ရှေ့တော်မှသွား၍ကိုယ်တော်၏ခြေလှမ်းများအတွက်လမ်းခင်းပေးလိမ့်မည်။ သံပြိုင်။**

The LORD himself will give his benefits; our land shall yield its increase. Justice shall walk before him, and prepare the way of his steps.

**2nd READING: Romans 9: 1-5**

ရောမသြဝါဒစာ **၉း ၁–၅**

**ငါ၏သြတ္တပ္ပစိတ်သည် မွန်မြတ်သောဝိညာဉ်တော်၌ သက်သေခံလျက်ငါသည်မုသားမပါဘဲ၊ ခရစ်တော်၌မှန်ကန်စွာပြောဆိုသည်ကား ငါသည်အလွန်ဝမ်းနည်းပူဆွေး၍ စိတ်နှလုံးထဲ၌ အခါအလပ်ပြင်းပြသောပူပန်ခြင်းဝေဒနာကိုခံစားရ၏။အကြောင်းမူကား၊ငါ၏သွေးချင်းသားခြင်းဖြစ်ကြသောငါ့ညီအစ်ကိုတို့၏အကျိုးအတွက်ကျိန်စာသင့်ခြင်းကိုလည်းကောင်းခရစ်တော်နှင့်ခွဲခွာနေရခြင်းကိုလည်းကောင်းခံလိုသည့်ဆန္ဒရှိခဲ့၏။ သူတို့သည် အစ္စရေးလ်လူမျိုးများဖြစ်ကြ၍၊ သားသမီးအဖြစ် မွေးစားခံရခြင်း၊ဘုန်းဂုဏ်တော်သဋ္ဌိညာဉ်တော်များ၊ပညတ်တရားကိုပေးတော်မူခြင်းနှင့်ကတိတော်တို့ကိုပိုင်ဆိုင်ကြ၏။သူတို့၌ဟောဘရူးဘိုးဘေးများရှိကြ၏။ ခရစ်တော်သည် သွေးသားအားဖြင့် ထိုဘိုးဘေးများမှဆင်းသက်လာ၍ခပ်သိမ်းသောအရာတို့ကိုအစိုးရတော်မူ၏။ ဘုရားသခင်အားအစဉ်ထာဝရကောင်းချီးမင်္ဂလာရှိပါစေသော်။ အာမင်။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 14: 22-33***
**ရှင်မာတေဦး ဧဝံဂေလိကျမ်း ၁၄း ၂၂–၃၃**

ထို့နောက်ချက်ခြင်းပင် သခင်ယေရှုသည် လူအစုအဝေးတို့အား ပြန်စေတော်မူစဉ်တွင် တပည့်တော်တို့ကို လှေပေါ်သို့တက်စေ၍ကမ်းတစ်ဘက်သို့အရင်ကူးစေတော်မူ၏။ လူအစုအဝေးတို့ကိုပြန်သွားစေပြီးနောက် ကိုယ်တော်သည်ဆုတောင်းပတ္တနာပြုအံ့သောငှာတောင်ပေါ်သို့တစ်ပါးတည်းတက်ကြွတော်မူ၏။ ညဉ့်ဦးယံ၌ကားထိုနေရာတွင်ကိုယ်တော်သည်တစ်ပါးတည်းရှိတော်မူ၏။ တပည့်တော်တို့၏လှေသည်ကမ်းမှများစွာဝေးကွာသွားပြီ။ လေဆန်ကျသောကြောင့်လှိုင်းတံပိုးများသည်လှေကိုပြင်းထန်စွာရိုက်ခတ်လျှက်ရှိ၏။ ညအချိန်စတုတ္ထယံ၌ကိုယ်တော်သည်ပင်လယ်ရေပြင်ပေါ်မှာလျှောက်လှမ်းလျက်တပည့်တော်တို့ထံကြွ လာတော်မူ၏။ ထိုသို့ပင်လယ်ပေါ်မှာကိုယ်တော်လျှောက်လှမ်းလျက်လာနေသည်ကိုသူတို့မြင် ကြလျှင်ထိတ်လန့်၍တစ္ဆေဖြစ်သည်ဟုဆိုကြကာကြောက်ရွံ့ခြင်းနှင့်အော်ဟစ်ကြ၏။ သခင်ယေရှုသည်သူတို့အား ချက်ချင်းမိန့်တော်မူသည်ကားသတ္တိရှိကြလော့။မကြောက်ကြနှင့်။ငါဖြစ်သည်ဟုဆို၏။ ပေတရုက၊ အရှင်ဘုရားကိုယ်တော်ဖြစ်တော်မူပါလျှင်တပည့်တော်သည်အထံတော်သို့ရေပေါ်မှာလျှောက် လှမ်းလာရပါမည့်အကြောင်းအမိန့်ရှိတော်မူပါဟုတောင်းပန်လေ၏။ သခင်ယေရှုကလာလော့ဟုမိန့်တော် မူလျှင်ပေတရုသည်လှေပေါ်မှဆင်း၍ ရေပေါ်တွင်လျှောက်ကာကိုယ်တော်ထံတော်သို့ သွားလေ၏။ သို့သော် လည်းလေပြင်းထန်သည်ကိုမြင်လျှင်ကြောက်လန့်လာ၍နစ်မြုပ်စပြုမည်ရှိသော်အရှင်ဘုရားကယ်တော်မူပါ ဟုအော်ဟစ်လျှောက်ထားလေ၏။ သခင်ယေရှုသည် ချက်ချင်းလက်လှမ်းတော်မူ၍ သူ့ကိုဆွဲမတော်မူပြီး လျှင်အိုယုံကြည်ခြင်းအားနည်း သူအဘယ်ကြောင့်ယုံမှားသံသယ ရှိသနည်းဟုမိန့်တော်မူ၏။ လှေပေါ်သို့ သူတို့ရောက်ကြသည်နှင့်တစ်ပြိုင်နက်လေသည်လည်းငြိမ်သွားလေ၏။ လှေပေါ်မှာရှိသောသူတို့သည်လာ ကြ၍ကိုယ်တော်ရှေ့တော်မှောက်တွင် ဦးချပျပ်ဝပ်လျှက် အမှန်စင်စစ်ကိုယ်တော်သည် ဘုရား၏သားတော်ဖြစ်တော်မူပါသည်ဟုလျှောက်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။